## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် [illegible] /၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် [illegible] ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ [illegible] ရက်)

**နိဒါန်း**

ကရင်ပြည်နယ်၏ လူမှုစီးပွားရေးနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ကရင်ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ကရင်ပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ ပြည်နယ်၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်နယ်အဆင့်အဖွဲ့အစည်း၊ ပြည်နယ်အဆင့်ဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့များအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်

ကာလ အတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်နယ်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ဒေသန္တရစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသန္တရများအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း ပြည်နယ်၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ကရင်ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက် များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၂.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၇.၁ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၀.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၁.၁ ရာခိုင်နှုန်း လျော့နည်းရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၁.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၂.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၂.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၀ ရာခိုင်နှုန်းမှ ၃၅.၇ ရာခိုင်နှုန်းသို့လည် ကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၆ ရာခိုင်နှုန်းမှ ၂၃.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၁.၄ ရာခိုင်နှုန်းမှ ၄၁.၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ပြည်နယ်ဘတ်ဂျက်ဖြင့် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု ကျပ် ၁၀၃,၂၃၇.၂၆၉ သန်းအား ရင်းနှီးမြှုပ်နှံရန်၊

(င) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၃၄၀,၀၃၃ မှ ကျပ် ၁,၄၃၅,၃၉၃ သို့ ဖြစ်ပေါ်လာရန်။

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ် ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသည့် စီမံကိန်းများသည် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း အစိုးရအဖွဲ့အဆင့်ဆင့်က စိစစ်တွေ့ရှိပါက အဆိုပါ စီမံကိန်းအား ပြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် လူသားအရင်းအမြစ် များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံး ညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၁။ ပြည်နယ်အစိုးရအဖွဲ့သည် ဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများကို ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၂။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိပြီး သော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ ပြည်နယ်၏ အကျိုးစီးပွားအတွက် အရေးကြီး လိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ် အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို(၅)နှစ်စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်ဒေသန္တရစီမံကိန်းတွင် ထည့်သွင်း ဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်း နှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ် ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ - ၁

## ကရင်ပြည်နယ်၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၅၉၁,၇၄၄.၉** | **၃၅.၀** | **၅.၇** | **၅၉၉,၁၀၇.၉** | **၃၄.၅** | **၁.၂** |
| | ၁ | လယ်ယာ | ၄၈၀,၁၆၀.၉ | ၂၈.၄ | ၆.၀ | ၄၈၅,၆၉၅.၄ | ၂၈.၀ | ၁.၂ |
| | ၂ | သားငါး | ၁၁၀,၁၈၈.၂ | ၆.၅ | ၄.၃ | ၁၁၂,၂၅၅.၂ | ၆.၄ | ၁.၉ |
| | ၃ | သစ်တော | ၁,၃၉၅.၈ | ၀.၁ | -၁.၅ | ၁,၁၅၇.၃ | ၀.၁ | -၁၇.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၆၆,၅၄၁.၂** | **၂၁.၇** | **-၃.၉** | **၃၈၁,၅၂၆.၀** | **၂၂.၀** | **၄.၁** |
| | ၁ | စွမ်းအင် | | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅,၆၉၄.၀ | ၀.၃ | ၃.၁ | ၆,၀၆၈.၄ | ၀.၃ | ၆.၆ |
| | ၃ | စက်မှုလက်မှု | ၂၁၉,၁၄၈.၅ | ၁၃.၀ | ၀.၉ | ၂၃၀,၀၀၀.၅ | ၁၃.၃ | ၅.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၄,၀၀၄.၁ | ၁.၄ | -၁၂.၁ | ၂၆,၆၇၅.၉ | ၁.၆ | ၁၁.၁ |
| | ၅ | ဆောက်လုပ်မှု | ၁၁၇,၆၉၄.၆ | ၇.၀ | -၁၀.၅ | ၁၁၈,၇၈၁.၂ | ၆.၈ | ၀.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၇၃၃,၃၄၀.၃** | **၄၃.၃** | **၂.၁** | **၇၅၄,၀၄၁.၉** | **၄၃.၅** | **၂.၈** |
| | ၁ | ပို့ဆောင်ရေး | ၁၆၆,၄၉၅.၈ | ၉.၈ | ၁.၉ | ၁၇၃,၉၀၄.၉ | ၁၀.၀ | ၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၅၇,၈၁၀.၂ | ၃.၄ | ၁.၃ | ၅၉,၆၄၀.၆ | ၃.၄ | ၃.၂ |
| | ၃ | ငွေရေးကြေးရေး | ၂,၄၉၉.၅ | ၀.၂ | ၆.၃ | ၂,၄၇၂.၅ | ၀.၂ | -၁.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၄,၁၂၂.၀ | ၃.၂ | ၀.၃ | ၅၄,၆၆၉.၇ | ၃.၂ | ၁.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၇၀,၂၇၅.၉ | ၄.၁ | ၁.၇ | ၇၂,၂၁၄.၇ | ၄.၂ | ၂.၈ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၃၈၂,၁၃၆.၉ | ၂၂.၆ | ၂.၇ | ၃၉၁,၁၃၉.၅ | ၂၂.၅ | ၂.၄ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး( ဂျီဒီပီ)** | **၁,၆၉၁,၆၂၆.၄** | **၁၀၀.၀** | **၁.၉** | **၁,၇၃၄,၆၇၅.၈** | **၁၀၀.၀** | **၂.၅** |

ပူးတွဲ - ၂

## ကရင်ပြည်နယ်၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၉၅၈,၂၈၆.၁ | ၅၆.၇ | ၁.၈ | ၉၈၀,၆၃၃.၉ | ၅၆.၅ | ၂.၃ |
| | ၁ | လယ်ယာ | ၄၈၀,၁၆၀.၉ | ၂၈.၄ | ၆.၀ | ၄၈၅,၆၉၅.၄ | ၂၈.၀ | ၁.၂ |
| | ၂ | သားငါး | ၁၁၀,၁၈၈.၂ | ၆.၅ | ၄.၃ | ၁၁၂,၂၅၅.၂ | ၆.၄ | ၁.၉ |
| | ၃ | သစ်တော | ၁,၃၉၅.၈ | ၀.၁ | -၁.၅ | ၁,၁၅၇.၃ | ၀.၁ | -၁၇.၁ |
| | ၄ | စွမ်းအင် | | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅,၆၉၄.၀ | ၀.၃ | ၃.၁ | ၆,၀၆၈.၄ | ၀.၃ | ၆.၆ |
| | ၆ | စက်မှုလက်မှု | ၂၁၉,၁၄၈.၅ | ၁၃.၀ | ၀.၉ | ၂၃၀,၀၀၀.၅ | ၁၃.၃ | ၅.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၄,၀၀၄.၁ | ၁.၄ | -၁၂.၁ | ၂၆,၆၇၅.၉ | ၁.၆ | ၁၁.၁ |
| | ၈ | ဆောက်လုပ်မှု | ၁၁၇,၆၉၄.၆ | ၇.၀ | -၁၀.၅ | ၁၁၈,၇၈၁.၂ | ၆.၈ | ၀.၉ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၃၅၁,၂၀၃.၄ | ၂၀.၇ | ၁.၅ | ၃၆၂,၉၀၂.၄ | ၂၀.၉ | ၃.၃ |
| | ၁ | ပို့ဆောင်ရေး | ၁၆၆,၄၉၅.၈ | ၉.၈ | ၁.၉ | ၁၇၃,၉၀၄.၉ | ၁၀.၀ | ၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၅၇,၈၁၀.၂ | ၃.၄ | ၁.၃ | ၅၉,၆၄၀.၆ | ၃.၄ | ၃.၂ |
| | ၃ | ငွေရေးကြေးရေး | ၂,၄၉၉.၅ | ၀.၂ | ၆.၃ | ၂,၄၇၂.၅ | ၀.၂ | -၁.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၄,၁၂၂.၀ | ၃.၂ | ၀.၃ | ၅၄,၆၆၉.၇ | ၃.၂ | ၁.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၇၀,၂၇၅.၉ | ၄.၁ | ၁.၇ | ၇၂,၂၁၄.၇ | ၄.၂ | ၂.၈ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၃၈၂,၁၃၆.၉ | ၂၂.၆ | ၂.၇ | ၃၉၁,၁၃၉.၅ | ၂၂.၅ | ၂.၄ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၁,၆၉၁,၆၂၆.၄ | ၁၀၀.၀ | ၁.၉ | ၁,၇၃၄,၆၇၅.၈ | ၁၀၀.၀ | ၂.၅ |

ပူးတွဲ - ၃

## ကရင်ပြည်နယ်၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၇၈၃,၈၁၁.၅** | **၃၆.၀** | **၈၃၆,၂၆၉.၃** | **၃၅.၇** | **၆.၇** |
| | ၁ | လယ်ယာ | ၆၃၇,၆၇၇.၂ | ၂၉.၃ | ၆၇၉,၆၀၉.၂ | ၂၉.၀ | ၆.၆ |
| | ၂ | သားငါး | ၁၄၄,၁၁၇.၉ | ၆.၆ | ၁၅၄,၉၆၉.၂ | ၆.၆ | ၇.၅ |
| | ၃ | သစ်တော | ၂,၀၁၆.၄ | ၀.၁ | ၁,၆၉၀.၉ | ၀.၁ | -၁၆.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၄၉၃,၄၇၀.၇** | **၂၂.၆** | **၅၃၉,၇၅၆.၈** | **၂၃.၀** | **၉.၄** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆,၂၇၁.၅ | ၀.၃ | ၆,၈၄၂.၅ | ၀.၃ | ၉.၁ |
| | ၃ | စက်မှုလက်မှု | ၃၀၄,၂၃၉.၆ | ၁၃.၉ | ၃၃၆,၁၃၄.၉ | ၁၄.၃ | ၁၀.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၉,၆၆၃.၆ | ၁.၄ | ၃၃,၃၆၃.၀ | ၁.၄ | ၁၂.၅ |
| | ၅ | ဆောက်လုပ်မှု | ၁၅၃,၂၉၆.၀ | ၇.၀ | ၁၆၃,၄၁၆.၄ | ၇.၀ | ၆.၆ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၉၀၂,၉၅၁.၃** | **၄၁.၄** | **၉၇၀,၈၄၁.၈** | **၄၁.၃** | **၇.၅** |
| | ၁ | ပို့ဆောင်ရေး | ၁၈၆,၅၇၇.၉ | ၈.၆ | ၂၀၄,၃၄၇.၇ | ၈.၇ | ၉.၅ |
| | ၂ | ဆက်သွယ်ရေး | ၅၀,၂၇၃.၀ | ၂.၃ | ၅၁,၇၆၁.၅ | ၂.၂ | ၃.၀ |
| | ၃ | ငွေရေးကြေးရေး | ၂,၄၃၂.၀ | ၀.၁ | ၂,၄၀၅.၈ | ၀.၁ | -၁.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၉,၅၀၄.၀ | ၂.၇ | ၆၀,၀၈၈.၆ | ၂.၆ | ၁.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၉၄,၇၅၄.၀ | ၄.၃ | ၉၉,၆၈၈.၁ | ၄.၂ | ၅.၂ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၅၀၉,၄၁၀.၄ | ၂၃.၄ | ၅၅၂,၅၅၀.၁ | ၂၃.၅ | ၈.၅ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ဂျီဒီပီ)** | **၂,၁၈၀,၂၃၃.၅** | **၁၀၀.၀** | **၂,၃၄၆,၈၆၇.၉** | **၁၀၀.၀** | **၇.၆** |

ပူးတွဲ - ၄

# ကရင်ပြည်နယ်၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၁,၂၇၇,၂၈၂.၂** | **၅၈.၆** | **၁,၃၇၆,၀၂၆.၁** | **၅၈.၇** | ၇.၇ |
| | ၁ | လယ်ယာ | ၆၃၇,၆၇၇.၂ | ၂၉.၃ | ၆၇၉,၆၀၉.၂ | ၂၉.၀ | ၆.၆ |
| | ၂ | သားငါး | ၁၄၄,၁၁၇.၉ | ၆.၆ | ၁၅၄,၉၆၉.၂ | ၆.၆ | ၇.၅ |
| | ၃ | သစ်တော | ၂,၀၁၆.၄ | ၀.၁ | ၁,၆၉၀.၉ | ၀.၁ | -၁၆.၁ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆,၂၇၁.၅ | ၀.၃ | ၆,၈၄၂.၅ | ၀.၃ | ၉.၁ |
| | ၆ | စက်မှုလက်မှု | ၃၀၄,၂၃၉.၆ | ၁၃.၉ | ၃၃၆,၁၃၄.၉ | ၁၄.၃ | ၁၀.၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၉,၆၆၃.၆ | ၁.၄ | ၃၃,၃၆၃.၀ | ၁.၄ | ၁၂.၅ |
| | ၈ | ဆောက်လုပ်မှု | ၁၅၃,၂၉၆.၀ | ၇.၀ | ၁၆၃,၄၁၆.၄ | ၇.၀ | ၆.၆ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၃၉၃,၅၄၀.၉** | ၁၈.၀ | ၄၁၈,၂၉၁.၇ | ၁၇.၈ | ၆.၃ |
| | ၁ | ပို့ဆောင်ရေး | ၁၈၆,၅၇၇.၉ | ၈.၆ | ၂၀၄,၃၄၇.၇ | ၈.၇ | ၉.၅ |
| | ၂ | ဆက်သွယ်ရေး | ၅၀,၂၇၃.၀ | ၂.၃ | ၅၁,၇၆၁.၅ | ၂.၂ | ၃.၀ |
| | ၃ | ငွေရေးကြေးရေး | ၂,၄၃၂.၀ | ၀.၁ | ၂,၄၀၅.၈ | ၀.၁ | -၁.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၉,၅၀၄.၀ | ၂.၇ | ၆၀,၀၈၈.၆ | ၂.၆ | ၁.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၉၄,၇၅၄.၀ | ၄.၃ | ၉၉,၆၈၈.၁ | ၄.၂ | ၅.၂ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၅၀၉,၄၁၀.၄** | **၂၃.၄** | **၅၅၂,၅၅၀.၁** | **၂၃.၅** | ၈.၅ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) | ၂,၁၈၀,၂၃၃.၅ | ၁၀၀.၀ | ၂,၃၄၆,၈၆၇.၉ | ၁၀၀.၀ | ၇.၆ |